HM Government

# မြန်မာနိုင်ငံ၌ ဗြိတိန်နိုင်ငံ၏ ဆောင်ရွက်ချက်များ



April 2014

ဤစာစောင်ကို နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန၊ ဗြိတိန်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့၏ ပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးအပါအဝင် နိုင်ငံခြားရေးနှင့် ဓနသဟာယရုံးက စီစဉ်ရေးသားထားပါသည်။

ဒီမိုကရေစီနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုဆီသို့ မြန်မာနိုင်ငံ၏ လတ်တလော အသွင်ကူးပြောင်းနေမှုကို ပံ့ပိုးပေးလျက်ရှိသည့် ဗြိတိသျှအစိုးရ၏ ချဉ်းကပ်ပုံ နည်းလမ်းနှင့်တကွ ဆောင်ရွက်ချက်များကို ရှင်းလင်းဖော်ပြထားခြင်းလည်း ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဧပြီလ

**မျက်နှာဖုံးပုံ။** မဟာ ဗြိတိန် ရက်သတ္တပတ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ဗြိတိသျှ သံအမတ်ကြီးသည် ယူနီယံဂျက်အလံ ရေးဆွဲထားသော လဲ(န်)(ဒ်)ရိုဗာ ကားဖြင့် ရန်ကုန်မြို့မှ မြန်မာပြည်မြောက်ပိုင်း လားရှိုးမြို့သို့ သွားရောက်ခဲ့ပြီး နိုင်ငံတစ်ဝှန်းမှ မြန်မာ လူထုနှင့်တွေ့ဆုံကာ ဗြိတိန်နိုင်ငံက ဘဏ္ဍာငွေ ထောက်ပံ့ထားသော စီမံကိန်းများအား သွားရောက်ကြည့်ရှုခဲ့ပါသည်။



# မာတိကာ

| | |
|---|---|
| မြန်မာနိုင်ငံ၌ ဗြိတိန်နိုင်ငံ၏ ဆောင်ရွက်ချက်များ | ၂ |
| ဒီမိုကရေစီ တည်ဆောက်ခြင်း | ၅ |
| ငြိမ်းချမ်းရေးတည်ဆောက်ခြင်း | ၉ |
| ဖွံ့ဖြိုးတိုးတက်မှု | ၁၀ |
| သာယာဝပြောရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု | ၁၃ |
| နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု | ၁၆ |

# မြန်မာနိုင်ငံ၌ ဗြိတိန်နိုင်ငံ၏ ဆောင်ရွက်ချက်များ

**တည်ငြိမ်၊ ကြွယ်ဝပြီး ဒီမိုကရေစီနည်းကျ နိုင်ငံတစ်နိုင်ငံဖြစ်လာကာ နိုင်ငံတကာ အသိုင်းအဝိုင်းတွင် အခန်းကဏ္ဍကောင်းမှ ပါဝင်လျက် ဗြိတိသျှ အကျိုးစီးပွားများကိုလည်း ပံ့ပိုးပေးသွားနိုင်မည့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုကို ဗြိတိသျှ အစိုးရက အားပေး ပံ့ပိုးလျက်ရှိပါသည်။**

## မြန်မာနိုင်ငံမှာ ဘာတွေ ပြောင်းခဲ့ပြီလဲ

၂၀၁၀ ပြည့်နှစ်နိုဝင်ဘာလအတွင်းက မြန်မာနိုင်ငံမှ ရွေးကောက်ပွဲသည် ချို့ယွင်းချက်များ ပါရှိခဲ့လင့်ကစား ၄၈ နှစ်ကြာ စစ်တပ် အုပ်ချုပ်မှု၊ စီးပွားရေး မှားယွင်းစွာ စီမံခန့်ခွဲမှုတို့နောက်ပိုင်းတွင် ဒီမိုကရေစီနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အား အစပြုစေခဲ့ပါသည်။ အာဏာရှင် စစ်တပ်စနစ်မှ ဒီမိုကရေစီ နည်းကျ အုပ်ချုပ်ရေး စနစ်သို့လည်းကောင်း၊ ဗဟို ထိန်းချုပ် ညွှန်ကြားမှုမှ ဈေးကွက်ဖောင်းပေး စီးပွားရေးသို့လည်းကောင်း၊ နယ်စပ်ဒေသများမှ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သော ပဋိပက္ခ မှသည် ငြိမ်းချမ်းမှုသို့ လည်းကောင်း ကူးပြောင်းရန် မြန်မာနိုင်ငံက အားထုတ်လျက်ရှိပါသည်။

တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် ကျောခိုင်းနံစပ်လျက် မြန်မာနိုင်ငံသည် အရေးကြီးသည့် မဟာဗျူဟာမြောက် ပထဝီနိုင်ငံရေးအနေအထားတွင် ရှိနေပါသည်။ အရှေ့တောင်အာရှတွင်လည်းကောင်း၊ အာဆီယံအဖွဲ့ အတွင်းတွင်လည်းကောင်း အင်တိုက်အားတိုက်လည်း ပိုရှိသလို အထောက်အပံ့လည်း ပိုဖြစ်နိုင်သည့် ဩဇာရှိလာမည့် အလားအလာ မြန်မာနိုင်ငံမှာ ရှိနေပါသည်။ နိုင်ငံတွင် အရင်းအမြစ်များ အထင်အရှား ရှိနေသလို အာရှတိုက်၏ ကုန်သွယ်ရေး လမ်းဆုံလမ်းခွများ ဖြစ်လာမည့် အလားအလာလည်း ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ စွမ်းရည်စိန်ခေါ်မှု၊ အခြေခံအဆောက်အအုံ စိန်ခေါ်မှုများက ပြုပြင်ပြောင်းလဲရေးအတွက် အစိုးရ၏ အားထုတ်မှုများကို မှောင့်လျက်ရှိပါသည်။ ထို့အပြင် ထင်ရှားသော လူ့အခွင့်အရေး ပြဿနာများ၊ လူမျိုးစု အရေး၊ ဘာသာရေးအရေး တင်းမာမှုများကလည်း ဖြေရှင်းရန် လိုအပ်လျက်ရှိသော စိုးရိမ်မကင်းဖွယ်ရာများဖြစ်နေပြီး မဖြေရှင်းပါက အနာဂတ် ခရီးရောက်မှုကို ထိခိုက်နိုင်သည့်အန္တရာယ် ရှိနေပေသည်။

## ဗြိတိန်နိုင်ငံ၏ ချဉ်းကပ်ပုံနည်းလမ်းက ဘာလဲ

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် ဗြိတိန်နိုင်ငံ၏ ဆက်ဆံရေးကိုလည်း ဆက်စပ်ပြောင်းလဲစေခဲ့လေသည်။ ဥရောပသမဂ္ဂ၏ အရေးယူ ပိတ်ဆို့မှုအများစုကို ၂၀၁၃ ခုနှစ် နှစ်ဦးတွင် ဖယ်ရှားခဲ့သလို ဦးစားပေးများ ခြုံငုံသတ်မှတ် (အခွန်အကောက်) စနစ်မှ တစ်ဆင့် ဦးစားပေး ကုန်သွယ်မှု ရရှိရေးကိုလည်း ပြန်လည် အသက်သွင်းခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးကို အားမပေးသော မူဝါဒကို ဗြိတိန်နိုင်ငံက အဆုံးသတ်လိုက်ကာ ယခုမူ တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုကို အားပေးလျက်ရှိပါသည်။ ဒီမိုကရေစီနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို တိုးပွားဆောင်ရွက်သွားရေးအတွက် အားပေးတိုက်တွန်းခြင်း၊ နိုင်ငံ၏ နယ်စပ်ဒေသများတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေးတို့ ရရှိမည့် ယုံကြည်ထိုက်သော ငြိမ်းချမ်းရေး လုပ်ငန်းကို အားပေးရန် မြန်မာ အစိုးရနှင့် ကျွန်ုပ်တို့ ဆောင်ရွက်လျက်ရှိပါသည်။ လူ့အခွင့်အရေး၊ အသိုင်းအဝိုင်း အချင်းချင်းကြား အကြမ်းဖက်မှုတို့နှင့် စပ်လျဉ်းပြီး ကျွန်ုပ်တို့၏ စိုးရိမ်မကင်းဖြစ်မှုများကိုလည်း ဆက်လက် တင်ပြလျက် ရှိပါသည်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကြွယ်ဝမှုကို မျှဝေခံစားရေးတို့အတွက် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအတွက် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို ၂၀၁၂/ ၁၃ တွင် ပေါင်စတာလင် ၃၂ သန်းရှိခဲ့ရာမှ ၂၀၁၃/၁၄ တွင် ပေါင်စတာလင် ၆၈ သန်းအထိ နှစ်ဆကျော်တိုးမြှင့်ခဲ့ပါသည်။

အစိုးရနှင့်တကွ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ လူမျိုးစုနိုင်ငံရေး ခေါင်းဆောင်များနှင့် လက်နက်ကိုင်အဖွဲ့များ၊ မီဒီယာ၊ ဘာသာရေးခေါင်းဆောင်များ၊ အရပ်ဘက် လူ့ဘောင်၊ စီးပွားရေးလုပ်ငန်းတို့မှ အခြား အတွေးအခေါ် ခေါင်းဆောင်များအပါအဝင် အတိုက်အခံများထဲမှ ပုဂ္ဂိုလ်များ၊ ပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီ အပြောင်းအလဲတို့ကို လိုလားသူများနှင့် ဆက်ဆံရေးကိုလည်း တည်ဆောက်ထားပါသည်။ ဤမဟာမိတ်များက ကျွန်ုပ်တို့၏ မူဝါဒ ချဉ်းကပ်ပုံ နည်းလမ်းအတွက် သိရှိအောင်၊ ရေးဆွဲနိုင်အောင် ပံ့ပိုးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ဗြိတိန်နိုင်ငံသည် တက်ကြွသော နိုင်ငံတကာ အခန်းကဏ္ဍမှလည်း ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့် စပ်လျဉ်းသော ဥရောပသမဂ္ဂ၏ မူဝါဒကို ပုံစံချရာတွင် ကျွန်ုပ်တို့၏ သဘောထားမှာ အရေးကြီးသလို အမေရိကန်ပြည်ထောင်စုနှင့်တကွ ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်တို့အပါအဝင် အခြားနိုင်ငံတကာ မိတ်ဖက်များနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။



**အပေါ်ပုံ။** မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ကိုလိုနီအဆောက်အအုံဟောင်း

## မြန်မာ့သမိုင်း

မွန်ဂိုတို့၏ သိမ်းပိုက်မှု မခံရမီ ပထမဆုံး ပေါင်းစည်းထားသော မြန်မာ့နိုင်ငံတော်ကို ၁၁ ရာစုတွင် ဖွဲ့စည်းခဲ့ပါသည်။ ၁၆ ရာစုတွင် ပြန်လည်ပေါင်းစည်းယူခဲ့ပြီး တစ်ချိန်တွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၌ အကြီးဆုံး အင်ပါယာကေရာဇ်နိုင်ငံကြီး ဖြစ်ခဲ့လေသည်။

၁၉ ရာစုတွင် စစ်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် မြန်မာနိုင်ငံသည် ဗြိတိသျှ လက်အောက်ခံ ကိုလိုနီနိုင်ငံတစ်ခု ဖြစ်ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့၏ သိမ်းပိုက်ခြင်းကို ခံလိုက်ရပြီး ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့ပါသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအား နိုင်ငံ့ဖခင်ကြီးအဖြစ် ယနေ့ထက်တိုင် ကျယ်ပြန့်စွာ မှတ်ယူထားကြပါသည်။ ၁၉၄၇ နှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက် လူမျိုးစုအုပ်စုများနှင့် ပြန်လည်သင့်မြတ်ရန် အားထုတ်မှုများ မအောင်မြင်ခဲ့ဘဲ မြန်မာနိုင်ငံတစ်လွှား၌ ပဋိပက္ခများ ဟုန်းဟုန်းထလာခဲ့လေတော့သည်။

၁၉၆၂ ခုနှစ်တွင် စစ်တပ်အာဏာသိမ်းမှုက မြန်မာနိုင်ငံအား စစ်တပ်၏ ထိန်းချုပ်မှုအောက်သို့ ကျရောက်သွားစေခဲ့လေသည်။ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း အဓိကရုဏ်းများ၊ ကန့်ကွက်ဆန္ဒပြမှုများကြောင့် လူပေါင်းထောင်နှင့်ချီ၍ သေဆုံးခဲ့သလို ၁၉၉၀ ပြည့်နှစ်တွင် အပြတ်အသတ်အနိုင်ရရှိလေမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှာလည်း နေအိမ်အကျယ်ချုပ်ချမှတ်ခံခဲ့ရပါသည်။ ၂၀၁၁ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန်အား ရာထူးအပ်နှင်းခြင်းဖြင့် အရပ်သားအစိုးရအား အာဏာလွှဲပြောင်းခဲ့ပါသည်။

မြန်မာနိုင်ငံအတွက် သက်ရောက်မှုကောင်းများ ရှိလာအောင် ဆောင်ရွက်နိုင်သည့်အခြေအနေတွင် ကျွန်ုပ်တို့ ရှိနေပါသည်။ လွှတ်တော်နှင့် တရားစီရင်ရေးစနစ်၊ တပ်မတော်၊ ရဲတပ်ဖွဲ့တို့အပါအဝင် မြန်မာ့ အဖွဲ့အစည်း ထုံးဓလေ့များမှ သရုပ်သကန်အများအပြားမှာ ဗြိတိသျှကို အခြေခံထားပါသည်။ မြန်မာနိုင်ငံသည် ဗြိတိန်နိုင်ငံအား ပညာရေးနှင့် စပ်လျဉ်းပြီး အကောင်းဆုံး ဗဟိုအချက်အချာအဖြစ်လည်းကောင်း၊ ကျန်းမာရေးတွင် ဦးစားပေး မိတ်ဖက်အဖြစ်လည်းကောင်း ရှုမြင်ထားပါသည်။ ဒီမိုကရေစီနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွက် ဦးဆောင် ထောက်ခံသူအဖြစ်၊ ငြိမ်းချမ်းရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အတွေ့အကြုံရင့်ကျက်သည့် အကြံပေးအဖြစ်၊ အဓိကကျပြီး ထက်သန်သော ဖွံ့ဖြိုးရေး မိတ်ဖက်အဖြစ်၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ လိုလားအပ်သော ရင်းမြစ်အဖြစ်၊ အရည်အသွေးရှိသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ပေးအပ်သူအဖြစ် ကျွန်ုပ်တို့ကို မြင်ကြပါသည်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းများအား အားပေးမြှင့်တင်သည့် ဥပဒေများ၊ အဖွဲ့အစည်း ထုံးဓလေ့များကို တောင့်တင်းခိုင်မာအောင်ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့ ကျွမ်းကျင်ကြပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချခြင်းကို ပံ့ပိုးကူညီရန် တိုးတက်ဖွံ့ဖြိုးမှု၊ အသက်မွေးမှု၊ အလုပ်အကိုင်များကို ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့မှာ နေရာတကျ ရှိနေပါသည်။

## မြန်မာနိုင်ငံ၌ ဗြိတိန်နိုင်ငံ၏ဆောင်ရွက်ချက်များ

အစိုးရဌာနများ၊ အထူးသဖြင့် နိုင်ငံခြားရေးနှင့် ဓနသဟာယရုံး၊ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန၊ ဗြိတိန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့သည် မြန်မာနိုင်ငံမှ ပြုပြင်ပြောင်းလဲရေးကို ပံ့ပိုးရန် ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံး၏ ကမကထပြုမှုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို ဆီလျော်သည့်နေရာများတွင် မြန်မာတို့ ဦးဆောင်သော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများမှ အဓိကပုဂ္ဂိုလ်များဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များကို အဓိက နယ်ပယ် ငါးရပ်အဖြစ် ခွဲခြားနိုင်ပါသည်။ ယင်းတို့မှာ...

- ဒီမိုကရေစီ တည်ဆောက်ရေး
- ငြိမ်းချမ်းမှု တည်ဆောက်ရေး
- ဖွံ့ဖြိုးရေး
- သာယာဝပြောရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု
- နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု

**အောက်ပုံ။** နေပြည်တော်မှ လွှတ်တော်အဆောက်အအုံ (© NZ အမျိုးသားပါတီ)





# ဒီမိုကရေစီ တည်ဆောက်ခြင်း

### ၂၀၁၅ ခုနှစ်တွင် အများယုံကြည်လက်ခံနိုင်သော ရွေးကောက်ပွဲများ ကျင်းပလျက် ပိုမို ထိရောက်စွာ အုပ်ချုပ်ပြီး ပိုမို ဒီမိုကရေစီနည်းကျသော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် မြန်မာနိုင်ငံအား ကျွန်ုပ်တို့ တိုက်တွန်းအားပေးလိုပါသည်။

မြန်မာနိုင်ငံအား တာဝန်ခံမှု၊ တာဝန်ယူမှု ပိုရှိလာသလို အခြေခံ လူ့အခွင့်အရေးနှင့် လုံခြုံမှုကို ပေးအပ်ခြင်းအပါအဝင် နိုင်ငံသူနိုင်ငံသားများအား ပိုမိုစေတနာထားသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေချင်ပါသည်။ လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး ကျွန်ုပ်တို့သည် စိုးရိမ်မကင်းဖြစ်မှုများကို ထုတ်ဖော်ပြောဆိုလျက်ရှိသလို အဖြေရှာမှုများအတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ရခိုင်မှ အခြေအနေနှင့်တကွ အမျိုးသမီးများ၊ မိန်းကလေးငယ်များ ဘေးအန္တရာယ်ကျရောက်လွယ်မှုကို ကိုင်တွယ်ဖြေရှင်းခြင်းတို့ပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်လေသည်။

## ဒီမိုကရေစီနည်းကျ အုပ်ချုပ်ပုံစနစ်

**၂၀၁၅ ရွေးကောက်ပွဲ** မတိုင်မီ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရေး၊ ပွင့်လင်းမြင်သာမှုရှိပြီး ခိုင်မာသော ရွေးကောက်ပွဲ လုပ်ငန်းစဉ်တို့ ပေါ်ပေါက်လာရေးအတွက် ဆော်ဩရာတွင် ကျွန်ုပ်တို့သည် ဦးဆောင် နိုင်ငံတကာမိတ်ဖက်များ ဖြစ်ကြပါသည်။

အသုံးစရိတ်အား မြန်မာ အများပြည်သူဆိုင်ရာ စာရင်းအင်း ကော်မတီ၏ စစ်ဆေးမှုကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းဥပဒေကော်မတီအား ဥပဒေရေးရာ အကြံဉာဏ်၊ ကျွမ်းကျင်မှုများ ပေးအပ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် လေ့ကျင့်သင်ကြားမှုများ၊ လေ့လာရေး ခရီးစဉ်များ စီမံပေးခြင်းတို့ဖြင့် ကျွန်ုပ်တို့သည် လွှတ်တော်ရေးရာ တောင့်တင်းခိုင်မာရေးတွင် ဆောင်ရွက်ခဲ့ကြပြီးဖြစ်သလို နောက်ထပ် ဆက်လက်နိုင်မည့် လုပ်ငန်းများကိုလည်း ရှာဖွေစူးစမ်းလျက်ရှိပါသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ **သန်းခေါင်စာရင်း ကောက်ယူမှု** အတွက် ပေါင်စတာလင် ၁၀ သန်းကို ကျွန်ုပ်တို့ ကတိပြုထားပါသည်။ မူဝါဒ ရေးဆွဲခြင်း၊ ဝန်ဆောင်မှုပေးအပ်ခြင်းတို့တွင် အဆင်းရဲဆုံးနှင့် ဘေးအန္တရာယ်အကျရောက်လွယ်ဆုံးလူများ၏ လိုအပ်ချက်များကို ပိုမို အလေးထားစဉ်းစားလာစေနိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်မှုကို တိုးတက်ကောင်းမွန်လာစေပါလိမ့်မည်။

နယ်ဘက်ဌာနများ၊ နယ်ခံ အစိုးရ/မြို့နယ်များတို့ကဲ့သို့ အဓိက **အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်း ထုံးဓလေ့များ** ပြုပြင်ပြောင်းလဲရေးအတွက် ထောက်ပံ့မှုကိုလည်း ကျွန်ုပ်တို့ တိုးမြှင့်သွားပါမည်။ အများပြည်သူဆိုင်ရာ ဘဏ္ဍာငွေများ ကောက်ခံခြင်း၊ စီမံခန့်ခွဲခြင်း၊ အသုံးပြုခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ခံ၊ တာဝန်ယူမှုရှိခြင်းများ တိုးတက်လာစေရန် ငါးနှစ်တာအတွင်း ပေါင်စတာလင် သန်း ၂၀ ပေးအပ်ခြင်းဖြင့် ဗြိတိန်နိုင်ငံသည် မြန်မာအစိုးရ၏ အများပြည်သူဆိုင်ရာ ဘဏ္ဍာငွေ စီမံခန့်ခွဲမှု စွမ်းရည်ကို တည်ဆောက်ပေးလျက်ရှိပါသည်။ အများပြည်သူကျန်းမာရေး၊ ပညာရေး လုပ်ငန်းများကို တာဝန်ခံခိုင်းစေနိုင်ရန် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့အစည်းများကို ကျွန်ုပ်တို့ ပံ့ပိုးလျက်ရှိပါသည်။

ပြုပြင်ပြောင်းလဲရန်၊ ဒီမိုကရေစီနည်းကျစွာ အုပ်ချုပ်လျက်ရှိသော လူ့ဘောင်အတွင်း အရပ်သား ထိန်းချုပ်မှုအောက်တွင် မိမိတို့၏ အခန်းကဏ္ဍအား ထမ်းဆောင်ရန် အားပေးတိုက်တွန်းခြင်းတွင် မြန်မာစစ်တပ်နှင့် ထိတွေ့ဆောင်ရွက်ခြင်းအပါအဝင် လုံခြုံရေးကဏ္ဍ၏ တာဝန်ခံ၊ တာဝန်ယူမှုနှင့် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ပုံစနစ် တိုးမြင့်လာအောင် ကျွန်ုပ်တို့ တိုက်တွန်းအားပေးလျက်ရှိပါသည်။ ယင်းအတွက် ကျွန်ုပ်တို့သည် ကာကွယ်ရေးတက္ကသိုလ်၏ *ပိုမိုကျယ်ပြန့်သော လုံခြုံရေးအခြေအနေတွင် ကာကွယ်ရေးအား စီမံခန့်ခွဲခြင်း* သင်တန်းကို မြန်မာ့တပ်မတော်နှင့် မြန်မာအစိုးရအတွင်းမှ ရွေးချယ်ထားသော ပုဂ္ဂိုလ်များအား ပေးအပ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာ့စစ်တပ် ကျောင်းသားများအတွက် သင်တန်းများကို ပေါင်စတာလင် ၉၀,၀၀၀ ပေးအပ်ရန် ကျွန်ုပ်တို့ ကတိပြုထားသည်။ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားသည့် အဆိုပါ သင်တန်းများသည် တိုက်ခိုက်ရေးသင်တန်းဖြစ်စေ၊ တိုက်ခိုက်ရေးနှင့် စပ်ဆိုင်သော သင်တန်းဖြစ်စေ ပါဝင်ခြင်း မရှိပါချေ။

တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်လာရေးအတွက် မြန်မာ့ရဲတပ်ဖွဲ့နှင့်လည်း ကျွန်ုပ်တို့ ဆောင်ရွက်လျက်ရှိသလို ၂၀၁၅ နှစ်လည်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်သော ဥရောပသမဂ္ဂ ရဲလုပ်ငန်းဆောင်ရွက်မှု စီမံချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရပ်ရွာအသိုင်းအဝိုင်း ရဲလုပ်ငန်းဆောင်ရွက်မှု၊ တာဝန်သိသော လူအုပ် ထိန်းချုပ်မှုတို့အား လေ့ကျင့်သင်ကြားပေးရာတွင် ဗြိတိသျှ အရာရှိများဖြင့် ပံ့ပိုးလျက်ရှိပါသည်။

## တပ်မတော် - မြန်မာစစ်တပ်

တပ်မတော်သည် ၁၉၆၂ ခုနှစ် အာဏာသိမ်းချိန်မှ စတင်ပြီး မြန်မာနိုင်ငံကို ချုပ်ကိုင်ထားခဲ့ပါသည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို တပ်မတော်က ရေးဆွဲခဲ့ပြီး တပ်တော်၏ `အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ´ကို ထည့်သွင်းထားသလို အရေးပေါ်အခြေအနေတွင် ကာကွယ်ရေး ဦးစီးချုပ်အား အာဏာရယူခွင့်ပြုထားလေသည်။ တပ်မတော် အရာရှိများသည် လွှတ်တော်နေရာ ၂၅ % ကို ရွေးချယ် တင်မြှောက်ခံရခြင်းမရှိဘဲ ရယူပိုင်ခွင့်ရှိသည့်နည်းတူ အမိက ဝန်ကြီးရာထူးတချို့ကိုလည်း ရယူနိုင်ကြပါသည်။ လွှတ်တော်ထဲ၌ သူတို့ရှိနေခြင်းက လွှတ်တော် ကိုယ်စားလှယ်များ၏ ၇၅ % ထောက်ခံချက်ကို လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအပေါ် ထိရောက်သော တစ်ချက်လွှတ်အာဏာကို ရရှိနေစေပါသည်။

တပ်မတော်သည် လွတ်လပ်ရေးရချိန်က ကစင့်ကလျား ဖြစ်နေသော အင်အားစု အငယ်စားလေးမှ စစ်သည် ၃၅၀,၀၀၀ ခန့်ရှိ ကြည်းတပ်၊ အဆများစွာ နည်းပါးလှသာ အင်အား ၂၀,၀၀၀ ရှိ ရေတပ်၊ အင်အား ၂၀,၀၀၀ ရှိ လေတပ်တို့ပါဝင်သော စုစုပေါင်း အင်အား ၄၀၀,၀၀၀ ခန့်ရှိ အင်အားစုတစ်ရပ်အဖြစ် တိုးပွားလာခဲ့ပါသည်။

မကြာသေးခင်နှစ်များအတွင်းတွင် တပ်မတော်သည် သောင်းကျန်းမှု တန်ပြန်တိုက်ဖျက်ရေးကို အလေးထားသည့် ခြေမြန်တပ် ကြီးစိုးသော စစ်တပ်မှသည် သမားရိုးကျ စစ်ပွဲများကို တိုက်ခိုက်နိုင်သော အင်အား အဖြစ်သို့ ပြုပြင်ပြောင်းလဲရန် ရည်ရွယ်သော ခေတ်မီအောင် ဆောင်ရွက်ရေး အစီအစဉ်တစ်ရပ်ကို စတင်လာခဲ့ပါသည်။ ကာကွယ်ရေး အသုံးစရိတ်မှာ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၂.၀၄ ထောင် ရှိခဲ့ပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှု ရာခိုင်နှုန်း (၄.၈ %) ရှိနေလေရာ ကမ္ဘာပေါ်တွင် ကာကွယ်ရေး အသုံးစရိတ်များသည့်နေရာတွင် အမှတ်စဉ် ၁၇ ချိတ်ခဲ့သလို အရှေ့တောင်အာရှတွင်လည်း ကာကွယ်ရေးအသုံးစရိတ်အများဆုံးနိုင်ငံ တစ်ခု ဖြစ်ခဲ့ပါသည်။ တပ်မတော်သည် စီးပွားရေး လုပ်ငန်းကြီး နှစ်ခုကိုလည်း ပိုင်ဆိုင်ထားပါသည်။ ယင်းတို့မှာ မြန်မာ့ စီးပွားရေး၏ ကဏ္ဍတိုင်းလိုလိုတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော် စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့ ဖြစ်လေသည်။

## လူ့အခွင့်အရေး

၂၀၁၃-၁၄ တွင် လူ့အခွင့်အရေး စီမံကိန်းများ ကျွန်ုပ်တို့ ပေါင်စတာလင် ၂၆၀,၀၀၀ ကိုလည်းကောင်း၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကာကွယ်သည့် စီမံကိန်းများ၌ ပေါင်စတာလင် ၃၀၀,၀၀၀ ခန့်ကိုလည်းကောင်း သုံးစွဲလျက်ရှိသလို တိုင်းရင်းသားလူမျိုးစုနယ်မြေများ၌ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ရပ်များအားလုံး အဆုံးသတ်ရန် မြန်မာ အစိုးရနှင့် စစ်တပ်အား ဖျောင့်ဖျလျက်ရှိပါသည်။

တစ်ပြည်လုံးလိုက်စားနေသလို တစ်ဦးချင်းစီလည်း စိုးရိမ်ကင်း ဖြစ်နေမှုများကို ဖော်ပြကာ ရေရှည် အဖြေများအတွက် ဖိအားပေးမှုကို ဆက်လက်ထားရှိရင်း နိုင်ငံတကာ **လူ့အခွင့်အရေး** စံများကို လိုက်နာရန် မြန်မာနိုင်ငံအား ကျွန်ုပ်တို့ ဖျောင့်ဖျလျက်ရှိပါသည်။

ရခိုင်၊ ကချင်နှင့် အခြား တိုင်းရင်းသားလူမျိုးစု နယ်မြေများမှ လူ့အခွင့် အရေးချိုးဖောက်မှုများနှင့် စပ်လျဉ်းပြီး ထင်ရှားသော စိုးရိမ်မကင်း ဖြစ်မှုများကို ဆက်လက် ဖော်ပြလျက်ရှိသလို လူ့အခွင့်အရေး ချိုးဖောက်သည်ဟု စွပ်စွဲချက်များကို နိုင်ငံတကာ စံများနှင့် ကိုက်ညီသည့် ရှင်းလည်း ရှင်းလင်း၊ မှီခိုမှုလည်း ကင်းရှင်း လွတ်လပ်ကာ ပွင့်လင်းမြင်သာမှုရှိသည့် စုံစမ်းစစ်ဆေးမှု၊ စွဲဆိုမှု လုပ်ငန်းများဖြင့် ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း ရှင်းလင်းပြောဆိုလျက် ရှိပါသည်။

မကြာသေးခင်က သက်တမ်းကုန်သွားသော ကုလ သမဂ္ဂ လုပ်ငန်း အစီအစဉ်အား မြန်မာအစိုးရက သက်တမ်းတိုး ပြီးနောက် **ကလေးစစ်သည်များ** စုဆောင်းခြင်းကို အဆုံးသတ်ရေးအတွက် ကျွန်ုပ်တို့ ဖျောင့်ဖျလျက်ရှိပါသည်။

ကျန်ရှိနေဆဲ **နိုင်ငံရေးအကျဉ်းသားများ** အားလုံးကို လွှတ်ပေးရန် ကျွန်ုပ်တို့ ဖျောင့်ဖျလျက်ရှိသလို လက်ရှိ အမှုအခင်းများကို ပြန်လှန်သုံးသပ်ရန်၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ ပြန်လည်ဝင်ဆံ့ရေးကို ပံ့ပိုးပေးရန် ကျယ်ပြန့်ပြည့်စုံပြီး ပွင့်လင်းမြင်သာမှုရှိသော ယန္တရားတစ်ရပ်ထားရှိရေးကိုလည်း ဆော်ဩလျက်ရှိပါသည်။

**လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ မဟာဝန်ရှင်တော်မင်းကြီးရုံး** အား လုပ်ငန်းဆောင်ရွက်ခွင့် အပြည့်အဝပေးပြီး နိုင်ငံအတွင်း ဖွင့်လှစ်ထားရှိရေးအတွက်လည်း ကျွန်ုပ်တို့ ဖျောင့်ဖျလျက်ရှိပါသည်။



## ရခိုင်

ရိုဟင်ဂျာနှင့် အခြား လူနည်းစုများ၏ အသက်များ၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ဆောလျင်ပြတ်သားသော အရေးယူဆောင်ရွက်မှုကို ပြုလုပ်ရေးအတွက်လည်းကောင်း လူမျိုးစုအရ၊ ဘာသာရေးအရ ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုများ၏ နောက်ကွယ်မှ ငုပ်လျှိုးနေသော အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရေးအတွက်လည်းကောင်း ကျွန်ုပ်တို့ အပြင်းအထန် ဆက်လက်ဖျောင့်ဖျလျက်ရှိပါသည်။ ယင်းတွင် အရေးယူမခံရမှုများကို ကိုင်တွယ်ခြင်း၊ တရားမျှတမှုအား သာတူညီမျှ ရယူခံစားခွင့်ရှိအောင် ဆောင်ရွက်ခြင်း၊ အိုးပစ်အိမ်ပစ် ထွက်ပြေးရသူများ မိမိတို့၏ နေရင်းအိမ်များဆီသို့ ပြန်လာနိုင်ရေး အတွက် ပတ်ဝန်းကျင် တစ်ရပ်ဖန်တီးခြင်း၊ လူသားချင်းစာနာ ထောက်ထားမှု (အကူအညီ) များကို ရရှိအောင် ဆောင်ရွက်ခြင်း၊ ရခိုင်ပြည်နယ်မှ (နိုင်ငံသား) အရည်အချင်း ပြည့်မီသော ရိုဟင်ဂျာနှင့် အခြား ပြည်နယ်သားများ အတွက် နိုင်ငံသားဖြစ်မှု လမ်းကြောင်း တစ်ရပ်ကို ရရှိစေခြင်းစသည်များ ပါဝင်ပါသည်။

**အောက်ပုံ။** ၂၀၁၄ ဇန်နဝါရီလတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြင်ပရှိ စခန်းတစ်ခုမှ ပြည်နယ်တွင်း အိုးပစ်အိမ်ပစ်ထွက်ပြေးရသူများအား နိုင်ငံခြားရေးရုံး ဝန်ကြီး ဟျူးဂိုးဆွိုင်ယာက တွေ့ဆုံစဉ်။

## အရပ်ဘက်လူ့ဘောင်

အရေးကြီးသော ကိစ္စရပ်များအတွက် နိုင်ငံတော် ယန္တယားနှင့် ဆက်စပ် ဆောင်ရွက်ရန် အရပ်ဘက်လူ့ဘောင်အဖွဲ့အစည်းများ၊ အခြားသော နိုင်ငံတော် (အစိုးရ)မဟုတ်သည့် လုပ်ကိုင်ဆောင်ရွက်နေသူများနှင့် ကျွန်ုပ်တို့ ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မဟာမိတ် တည်ဆောက်ခြင်းကို၊ တင်ပြလျှောက်လဲခြင်း၊ သုတေသန၊ စောင့်ကြည့် ကြပ်မတ်ခြင်း စွမ်းရည်များ တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်းဖြင့် ဖြစ်ပါသည်။ ၂၀၁၁-၂၀၁၆ တွင် ကျွန်ုပ်တို့၏ **အရပ်ဘက် လူ့ဘောင် တောင့်တင်း ခိုင်မာအောင်ဆောင်ရွက်ရေး အစီအစဉ်** အတွက် ပေါင် စတာလင် ၁၁ သန်းအသုံးပြုရန် ကတိကဝတ်ပြုထားပြီးဖြစ်ပါသည်။ အဆိုပါ အစီအစဉ်က လူမှုရေးနှင့် မူဝါဒအပြောင်းအလဲကို ဆောင်ရွက်လျက်ရှိသော နယ်ခံ အရပ်ဘက် လူ့ဘောင်အဖွဲ့အစည်း [စီအက်(စ်)အို (ဝ်) ရပ်လူ့ဖွဲ့] များ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်တည်ဆောက်ရေးအတွက် အလယ် အလတ်ကာလ `အမာခံ ဘဏ္ဍာရေးထောက်ပံ့မှု´ကို ပေးအပ်လျက် ရှိပါသည်။ လတ်တလောတွင် နယ်ခံ ရပ်လူ့ဖွဲ့ပေါင်း ၁၁ ဖွဲ့မှာ အဆိုပါ အစီအစဉ်မှ ဘဏ္ဍာငွေထောက်ပံ့မှုကို ရရှိနေပါသည်။

**နိုင်ငံတော် မီဒီယာ၏ စွမ်းရည်ကိုရော မှီခိုမှုကင်းရှင်းလွတ်လပ်သော ပုဂ္ဂလိက မီဒီယာတို့၏ စွမ်းရည်** ကိုပါ တောင့်တင်းခိုင်မာလာအောင် ဆောင်ရွက်ရန် ဘီဘီစီ မီဒီယာလုပ်ငန်းအဖွဲ့၏ မြန်မာနိုင်ငံမှ လုပ်ငန်းကို လည်း ကျွန်ုပ်တို့ ထောက်ခံပံ့ပိုးလျက်ရှိပါသည်။



## အမျိုးသမီးများနှင့် မိန်းကလေးငယ်များ

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် **အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘေးအန္တရာယ်ကျရောက်လွယ်မှုကို လျှော့ချရန်**၊ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်မှု တိုးပွားရန် ကျွန်ုပ်တို့ ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ ကျား-မ သာတူညီမျှမှု မရှိခြင်းကို ညှိယူရန်အတွက် အစီအစဉ်ရေးဆွဲခြင်း၊ အခြား ကြားဝင်ဆောင်ရွက်ခြင်းများကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံမှ အများပြည်သူနှင့် သက်ဆိုင်သော ဘဝတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုတိုးပွားလာစေရန် ဗြိတိသျှကောင်စီ၊ အက်(ခ်)ရှင်နိတ်(ဒ်) အဖွဲ့တို့မှတစ်ဆင့် အမျိုးသမီးများ လုပ်ပိုင်ခွင့် အပ်နှင်းရေး စီမံချက်ကို ကျွန်ုပ်တို့ ဘဏ္ဍာငွေထောက်ပံ့လျက်ရှိပါသည်။ လွန်ခဲ့သည့်နှစ်နှစ်တာအတွင်းတွင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသော အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေး နိုင်ငံတကာ သဘောတူစာချုပ်အရ မြန်မာအစိုးရ၏ တာဝန်များကို ဖြည့်ဆည်းပေးနိုင်ရန် လူမှုဝန်ထမ်းဝန်ကြီးဌာနအား နည်းပညာအထောက်အပံ့ပေးရာတွင် ကျွန်ုပ်တို့ ဘဏ္ဍာငွေ ထောက်ပံ့ခဲ့ပြီးလည်းဖြစ်ပါသည်။ ရခိုင်နှင့် ကချင်ပြည်နယ်များရှိ ပဋိပက္ခ ဒဏ်ခံရသော ဒေသများ၌ ကျား-မ အခြေခံ အကြမ်းဖက်မှုကို တုံ့ပြန်ဆောင်ရွက်ခြင်းအား ခိုင်မာတောင့်တင်းစေရေး၊ ညှိနှိုင်းဆောင်ရွက်ရေးကို ဆောင်ရွက်နေသည့် ကျွမ်းကျင်သူနှစ်ဦးအတွက် ကုလသမဂ္ဂ လူဦးရေ ရံပုံငွေအဖွဲ့ (UNFPA) ကို ဘဏ္ဍာငွေထောက်ပံ့မှုကိုလည်း ပေးအပ်လျက်ရှိပါသည်။

**အောက်ပုံ။** ရန်ကုန်မြို့တွင် ဗြိတိသျှကောင်စီက စီစဉ်သော နှစ်ပတ်လည် ညီလာခံမှ အင်္ဂလိပ်စာ ဆရာ ဆရာမများ





# ငြိမ်းချမ်းရေး တည်ဆောက်မှု

တာရှည်ခံသော ငြိမ်းချမ်းရေး ပြေငြိမ်းမှုတစ်ရပ်ကို မတည်ဆောက်ဘဲ ရေရှည်ထိန်းသိမ်းထားနိုင်သော နိုင်ငံရေး၊ စီးပွားရေး တိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် မြန်မာနိုင်ငံ၏ အလားအလာမှာ ကောင်းလှမည် မဟုတ်ပါချေ။ ဆက်လက်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခမှာ ပိုမိုကျယ်ပြန့်သော ဒေသအတွင်း၌ မတည်ငြိမ်မှုကို ဖြစ်ပေါ်စေပါသည်။

**တရားလည်းဝင် ဖယ်ကြဉ်ချန်ထားမှုလည်း မရှိဘဲ အားလုံးပါဝင်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှတစ်ဆင့် ငြိမ်းလည်း ငြိမ်းချမ်း၊ တာရှည်လည်းခံ၊ အားလုံးလည်းပါဝင်သော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဆောင်ရွက်သွားရန် မြန်မာနိုင်ငံအား ကျွန်ုပ်တို့ တိုက်တွန်း အားပေးလိုပါသည်။** ပဋိပက္ခတွင် ပါဝင်နေကြသော ဘက်အားလုံးအတွက် ဗြိတိသျှအစိုးရနှင့်တကွ အလားတူ အသွင်ကူးပြောင်းမှုများကို ကျွန်ုပ်တို့ ပံ့ပိုးပေးခဲ့ကြဖူးသော အိုင်ယာလန် မြောက်ပိုင်းနှင့် အခြား အခြေအနေများရှိ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့တွင် ဗြိတိန်နိုင်ငံမှ ကျွမ်းကျင်သူအသီးသီးက အသုံးတည့်သော ကျွမ်းကျင်မှုများကို ပေးအပ်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်သည်။

## ငြိမ်းချမ်းရေး တည်ဆောက်ခြင်း

ဖွဲ့စည်းတည်ဆောက်ပုံ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား စီမံခန့်ခွဲမှု၊ ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်းသည့် အကြံဉာဏ်အပါအဝင် ငြိမ်းချမ်းရေး အပြန်အလှန်ဆွေးနွေးပွဲအား ပံ့ပိုးပေးရန် **ကျွမ်းကျင်သူများအတွက် ပေါင်စတာလင် ၁.၅ သန်း**ကို ကျွန်ုပ်တို့ ပေးအပ်လျက်ရှိပါသည်။ အပစ်အခတ်ရပ်စဲရေးများကို အနက်အဓိပ္ပာယ်ပြည့်ဝပြီး ဖယ်ကြဉ်ချန်ထားမှုမရှိဘဲ အားလုံးပါဝင်သော နိုင်ငံရေး အပြန်အလှန်ဆွေးနွေးပွဲအဖြစ် အသွင်ပြောင်းရာတွင် ကူညီပံ့ပိုးပေးရန် ကျွန်ုပ်တို့ ရည်ရွယ်သလို နှစ်ဘက်စလုံးအား ဆက်လက် ထောက်ပံ့ ပေးသွားမည်လည်းဖြစ်ပါသည်။ အစိုးရ၊ အတိုက်အခံ၊ လူမျိုးစု လက်နက်ကိုင်အဖွဲ့များ၊ အရပ်ဘက်လူ့ဘောင်တို့ အိုင်ယာလန် မြောက်ပိုင်းသို့ သွားရောက်ရေး အဆင်ပြေချောမွေ့အောင် ကျွန်ုပ်တို့ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သလို လူမျိုးစုအဖွဲ့များအတွက် အပစ်အခပ်ရပ်စဲမှု ကျင့်ဝတ်ကဲ့သို့သော အရေးကိစ္စများနှင့် စပ်လျဉ်းသော ပုံမှန် အလုပ်ရုံ ဆွေးနွေးပွဲများကို ဘဏ္ဍာငွေထောက်ပံ့လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာနက **မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ထောက်ပံ့မှုတွင် ပေါင်စတာလင် ရှစ်သန်း** ထပ်ဆောင်း လျာထား သတ်မှတ်ပေးထားပါသည်။

## ပြေအေးမှုနောက်ပိုင်း ပံ့ပိုးမှု

နိုင်ငံလုံးဆိုင်ရာ ပြေအေးမှုကို ရေရှည်ထိန်းသိမ်းထားနိုင်စွမ်း၊ ငြိမ်းချမ်းသော အပြန်အလှန်ဆွေးနွေးမှု လုပ်ငန်းများမှ တစ်ဆင့် အရေးကိစ္စများကို ဖြေရှင်းနိုင်စွမ်းများ ရှိကြသည့် လိုအပ်သော **အဖွဲ့အစည်းထုံးဓလေ့များ၊** လုပ်ငန်းစဉ်များ တည်ဆောက်ရာတွင် မြန်မာနိုင်ငံအား ကျွန်ုပ်တို့ ပံ့ပိုးပေးသွားပါမည်။

ပဋိပက္ခလွန် ဒေသများအား ငြိမ်းချမ်းရေး တည်ဆောက်ခြင်းကို ပံ့ပိုးပေးသည့်နည်းဖြင့် ကျွန်ုပ်တို့နှင့်တကွ အခြားသူများ၏ **ထောက်ပံ့ရေး အရင်းအမြစ်များ**ကို ရောက်ရှိသွားအောင် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို အသုံးပြုလျက် အဆိုပါဒေသများ၏ ဖွံ့ဖြိုးမှုကို ကျွန်ုပ်တို့ ပံ့ပိုးသွားပါမည်။

## လူမျိုးစု ပြန်လည်ရင်ကြားစေ့ရေး

ပိုမိုနက်ရှိုင်းသော ယုံကြည်မှု၊ စိတ်ချမှု၊ အပြန်အလှန်ဆွေးနွေးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့အား လူမျိုးစုအသိုင်းအဝိုင်းများတွင် တည်ဆောက်ရန်လည်းကောင်း၊ ပဋိပက္ခ၊ အထိမခံမှု၊ အသိုင်းအဝိုင်းချင်းကြား အကြမ်းဖက်မှုစသည်တို့၏ အကြောင်းရင်းခံများကို မြန်မာများ နားလည်သဘောပေါက်ပြီး ကိုင်တွယ်ဖြေရှင်းရာတွင် ပံ့ပိုးကူညီရန်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်များကို ကျွန်ုပ်တို့ ထောက်ခံ ပံ့ပိုးလျက်ရှိပါသည်။ ဗုဒ္ဓဘာသာနှင့် လူနည်းစု ဘာသာဝင်များကြား သည်းခံမှုကို အားပေးခြင်း၊ ယုံကြည်ကိုးကွယ်မှု အချင်းချင်းကြား အပြန်အလှန်ဆွေးနွေးခြင်းများမှတစ်ဆင့် ဆောင်ရွက်ခြင်းများအပါအဝင် **တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများ၊ လွတ်လပ်ခွင့်များ** တိုးတက်ကောင်းမွန်လာစေရေးအတွက် ကျွန်ုပ်တို့ ဖျောင့်ဖျဆော်ဩလျက်ရှိပါသည်။ ရပ်ရွာအသိုင်းအဝိုင်းများကြားတွင် ပြန်လည်ရင်ကြားစေ့မှုကို တိုက်တွန်းအားပေးရန် လူငယ်လူရွယ်များထဲတွင် ယုံကြည်ကိုးကွယ်မှုအချင်းချင်းကြား ငြိမ်းချမ်းရေး သဘောတရားများကို နိုးကြားသိရှိလာရန် ရည်ရွယ်သည့် နယ်ခံ အစိုးရအဖွဲ့အစည်းတစ်ခုက ဆောင်ရွက်လျက်ရှိသော စီမံချက်တစ်ရပ်ကိုလည်း ဗြိတိန်နိုင်ငံက ဘဏ္ဍာငွေထောက်ပံ့လျက် ရှိပါသည်။

# ဖွံ့ဖြိုးရေး

ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်ရန် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပိုမိုဆင်းရဲနွမ်းပါးသည့် နိုင်ငံများမှ အစိုးရများနှင့်လည်းကောင်း ဆောင်ရွက်သွားရန် ဗြိတိန်နိုင်ငံက သန္နိဋ္ဌာန် ခိုင်မာစွာ ချထားပါသည်။

မြန်မာနိုင်ငံသည် အာရှတိုက်တွင် အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လူဦးရေ၏ သုံးပုံတစ်ပုံမှာ အခြေခံ အစာအာဟာရနှင့် နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်အောင် လုံလောက်သော ငွေကြေး မရှိကြပါ။ ပညာရေးကဲ့သို့ အခြေခံ ဝန်ဆောင်မှုများမှာလည်း ညံ့ဖျင်းပါသည်။ မြန်မာနိုင်ငံသည် အာရှတိုက်တွင် အဆိုးရွားဆုံး ကျန်းမာရေး ညွှန်းကိန်းများ ရှိနေပါသည်။ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ဖြစ်ပါသည်။ ငှက်ဖျားနှင့် အဆုတ်နာရောဂါတွင်လည်း ကမ္ဘာ့အမြင့်ဆုံး နှုန်းထားများတွင် ရှိနေသလို မြန်မာနိုင်ငံမှ ဆေးယဉ်နေသော ငှက်ဖျားရောဂါကို တိုက်ဖျက်နိုင်ခြင်းမရှိပါက ကမ္ဘာ့ကျန်းမာရေးကို ထိခိုက်လာနိုင်ဖွယ်ရှိပါသည်။

**ထောင်စုနှစ် ဖွံ့ဖြိုးရေး ပန်းတိုင် (ထောင်ဖွံ့ပန်း)များနှင့်တကွ ထောင်ဖွံ့ပန်းလွန် ဖွံ့ဖြိုးရေးပန်းတိုင်များကို အောင်မြင်စွာ ရယူဆွတ်ခူးနိုင်ရေးအတွက် ပိုမို ထိရောက်စွာ ဆောင်ရွက်ရေးတွင်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အလုပ်အကိုင်များ ဖန်တီးရေး တွင်လည်းကောင်း ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအား တိုက်တွန်းအားပေး** လိုပါသည်။

ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်သည်။

## အလှူရှင်ပေါင်းစုံ၏ ဖွံ့ဖြိုးရေးအကူအညီ

နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန၏ မြန်မာနိုင်ငံမှ လက်ရှိ နှစ်နိုင်ငံ အထောက်အပံ့အစီအစဉ်မှာ **၂၀၁၁/၁၂ မှ ၂၀၁၄/၁၅ အထိ ပေါင်စတာလင် ၁၉၆ သန်း**ဖြစ်ပါသည်။ တူမျှသော သဘောထားရှိသည့် ဖွံ့ဖြိုးရေး မိတ်ဖက်များ စုစည်းခြင်းအားဖြင့် အစီအစဉ်များကို တိုးတက်ကောင်းမွန်စေလျက်ရှိသော အလှူရှင်ပေါင်းစုံ၏ ဘဏ္ဍာငွေများမှ တစ်ဆင့် အဆိုပါ ငွေ၏ ၅၀ % ကို ပေးအပ်လျက်ရှိပါသည်။ ဗြိတိန်နိုင်ငံမှ အခွန်ထမ်းများအတွက် ခိုင်မာသော တာဝန်ခံ၊ တာဝန်ယူမှု မလွဲမသွေ ရှိနေစေရန်လည်းကောင်း၊ ကုန်သလောက် အကျိုးရှိနေစေရန် လည်းကောင်း ကျွန်ုပ်တို့ ဆက်လက်ဆောင်ရွက်သွားပါမည်။

## ကျန်းမာရေး

နိုင်ငံအတွင်းမှ ဝေးလံသီခေါင်ပြီး ချို့တဲ့သော ဒေသများကို အလေးထားလျက် **မိခင်နှင့် ကလေး ကျန်းမာရေး၊ အာဟာရ၊ ပြုစုစောင့်ရှောက်မှု** တိုးတက် ကောင်းမွန်စေရန်လည်းကောင်း၊ **အေအိုင်ဒီအက်(စ်)၊ အဆုတ်နာရောဂါ၊ ငှက်ဖျားရောဂါ**တို့ကို ကိုင်တွယ်ဖြေရှင်းရန် လည်းကောင်း ရည်ရွယ် သတ်မှတ်ထားသော ၃ထောင်ဖွံ့ပန်း ရန်ပုံငွေအဖွဲ့ ၄၀ % အထိ ကျွန်ုပ်တို့ ကမကထပြုပြီး လှူဒါန်းလျက် ရှိပါသည်။ (၂၀၁၂-၂၀၁၆ တွင် **ပေါင်စတာလင် သန်း ၈၀** အထိ ပေးရန် ကတိပြုထားပါသည်။)

ပုဂ္ဂလိကနှင့် အစိုးရ ကဏ္ဍ ကျန်းမာရေး လုပ်ငန်းများတွင် ငှက်ဖျားရောဂါ ရှာဖွေဖော်ထုတ်ခြင်း၊ ကုသခြင်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် အစီအစဉ်များကို ကျွန်ုပ်တို့ဘဏ္ဍာငွေထောက်ပံ့လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်မတိုင်မီ **အမျိုးသမီးနှင့် ကလေးပေါင်း ၅၀၀,၀၀၀** မှာ တစ်ကမ္ဘာလုံးမှ အများပြည်သူ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည့် ဆေး ယဉ်နေသော ငှက်ဖျားရောဂါပျံ့ပွားမှုကို ထိန်းချုပ်နိုင်မည့် ဆီလျော်သော ကုသမှုကို ရရှိကြပါလိမ့်မည်။

ပဋိပက္ခကြောင့် အိုးပစ်အိမ်ပစ်ထွက်ပြေးရသူများ၊ ပဋိပက္ခဒဏ် ခံစားရသူများအတွက် ပိုမိုကောင်းမွန်သော အခြေခံ ကျန်းမာရေး လုပ်ငန်းများကိုလည်း ကျွန်ုပ်တို့ ပံ့ပိုးလျက် ရှိပါသည်။





**အထက်ပုံ။** ၂၀၁၃ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် စစ်တွေမြို့အနီးမှ အိုးပစ်အိမ်ပစ် ထွက်ပြေးရသူ ရိုဟင်ဂျာများအတွက် အနီးဝန်းကျင်ရှိ စခန်းများမှ ကလေးငယ်များအား ဗြိတိန်နိုင်ငံက ပံ့ပိုးထားသော အာဟာရကျွေးမွေးရေး ဌာနသို့ နိုင်ငံတကာ ဖွံ့ဖြိုးရေး ဝန်ကြီး အလယ်(န်) ဒန်ခယ်(န်) သွားရောက်စဉ်။

ဝဲပုံ။ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် စစ်တွေမြို့အနီးမှ ဗြိတိန်နိုင်ငံက ပံ့ပိုးထားသော အိုးပစ်အိမ်ပစ် ထွက်ပြေးရသူ ရိုဟင်ဂျာများအတွက် စခန်းတစ်ခုတွင် လူတစ်ဦး သောက်သုံးရေ ရယူနေစဉ်။

© Gemma Blackburn/ နိုင်ငံတကာ ဖွံ့ဖြိုးရေး ဌာန

## ပညာရေး

ဘုန်းတော်ကြီးသင်ကျောင်းများ၊ ကချင်နှင့် မွန်ပြည်နယ်တို့မှ ပဋိပက္ခဒဏ်ခံရသော ဒေသများ၌ အပါအဝင် အစိုးရကျောင်း၊ အစိုးရ မဟုတ်သောကျောင်းများမှ မူလတန်းပညာရေးအတွက် အတားအဆီးများကို လျှော့ချခြင်းအားဖြင့် မြန်မာနိုင်ငံတွင် **အခြေခံပညာရေး** လက်လှမ်းမီနိုင်မှု၊ အရည်အသွေးရှိမှုတို့ တိုးတက်ကောင်းမွန်လာစေရေးအတွက် ၂၀၁၅ ခုနှစ်အထိ **ပေါင်စတာလင် ၁၀ သန်း**ကို ကျွန်ုပ်တို့ ကတိပြုထားပါသည်။ မူလတန်း ကျောင်းနေစဉ် တစ်လျှောက်လုံး သင်ယူမှု ရလဒ်များတိုးတက်ကောင်းမွန်လာအောင်ပံ့ပိုးပေးသည့် သင်ခန်းစာအရည်အသွေး၊ မူကြိုနှင့် စောစောပိုင်းကလေးသူငယ် စောင့်ရှောက်မှုနှင့် ဖွံ့ဖြိုးရေး ဌာနများ တိုးတက်ကောင်းမွန်လာစေရေန်  ဆရာများ လေ့ကျင့်သင်ကြားမှုနှင့်တကွ ကျောင်းသုံးပစ္စည်းများကို အဆိုပါ အစီအစဉ်က ပေးအပ်လျက်ရှိပါသည်။ ၂၀၁၅ နောက်ဆုံးထားပြီး **မြန်မာကလေးငယ်ပေါင်း ၂၀၀,၀၀၀ ကျော် မူလတန်းပညာ ဆုံးခန်း တိုင်အောင်** ကျွန်ုပ်တို့ ကူညီပံ့ပိုးသွားပါမည်။

အနာဂတ်တွင် နိုင်ငံအတွက် ပညာရေး မူဝါဒ ကန့်သတ်ချက်ဘောင်ကို ချမှတ်ပေးမည့် မြန်မာနိုင်ငံ၏ ပြည့်စုံကျယ်ပြန့်သော ပညာရေးကဏ္ဍ ပြန်လှန်သုံးသပ်ချက်အတွက်လည်း အဓိက နည်းပညာ အကြံဉာဏ်ကို ကျွန်ုပ်တို့ ဘဏ္ဍာငွေ ထောက်ပံ့လျက်ရှိပါသည်။

## လူသားချင်း စာနာထောက်ထားမှု

ကချင်ပြည်နယ်တွင် ကျွန်ုပ်တို့သည် နှစ်နိုင်ငံ လူသားချင်း စာနာထောက်ထားမှု အကူအညီကို ဦးဆောင်ပေးအပ်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် ဖွန်လတွင် ဒေသတွင်းအိုးပစ်အိမ်ပစ်ထွက်ပြေးရသူ (ဒေသပစ်ပြေး) များ ၆၄,၀၀၀ ခန့်ကို ကူညီရန် နှစ်နှစ်ခွဲအတွင်း နောက်ထပ် ပေါင်စတာလင် ၁၃.၅ သန်း ပံ့ပိုးသွားမည်ဟု ကြေညာခဲ့ပါသည်။ ဗြိတိန်နိုင်ငံသည် ထိုင်း/မြန်မာ နယ်စပ်တစ်လျှောက်မှ ပဋိပက္ခဒဏ်ခံရသူများအား ပေါင်စတာလင် ၂၇ သန်း အထောက်အပံ့ပေးအပ်လျက်ရှိပါသည်။ ယင်းက ပဋိပက္ခဒဏ်ခံရသူ ၁၅၅,၀၀၀ အား လူသားချင်းစာနာမှု အထောက်အပံ့ကို ပေးလိမ့်မည်ဖြစ်သလို မြန်မာ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ပံ့ပိုးမှုလည်း ပါဝင်ပါသည်။ မကြာသေးမီကပင် ရခိုင်ပြည်နယ်မှ အသိုင်းအဝိုင်း နှစ်ခုစလုံး၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ကူညီပံ့ပိုးပေးရန် နောက်ထပ် လူသားချင်းစာနာထောက်ထားမှု ဘဏ္ဍာရေး အကူအညီ **ပေါင်စတာလင် ၅.၈ သန်း**ကို လျာထားသတ်မှတ်လိုက်ပေရာ အဆိုပါဒေသ၌ အရေးပေါ် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းအတွက် **၂၀၁၂ ခုနှစ်ကတည်းက** ဗြိတိန်နိုင်ငံ၏ လျာထားသတ်မှတ်ပေးမှု စုစုပေါင်းမှာ **ပေါင်စတာလင် ၁၂ သန်း**ဖြစ်လာခဲ့ပါသည်။ နိုင်ငံတစ်ဝှန်းလုံးတွင် အကန့်အသတ် မရှိဘဲ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျွန်ုပ်တို့ ဆက်လက်ဖျောင့်ဖျလျက်ရှိပါသည်။

## ဝန်ဆောင်မှု ပေးခြင်း

စနစ် တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်း၊ ပိုမိုကောင်းမွန်သော အများပြည်သူဆိုင်ရာ ဘဏ္ဍာငွေ စီမံခန့်ခွဲမှု၊ တာဝန်ခံ တာဝန်ယူမှုတို့မှတစ်ဆင့် ထိရောက်သော အခြေခံ ဝန်ဆောင်မှုများ ပေးအပ်ရန် နိုင်ငံတော်၏ လူမှုရေး မူဝါဒများအတွက် ကျွန်ုပ်တို့ အကူအညီပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ **အများပြည်သူဆိုင်ရာ ဘဏ္ဍာရေး စီမံခန့်ခွဲမှု** (ပြည်ဘဏ်စီ)အား ပထမဆုံး အကဲဖြတ်ချက်ကို ဘဏ္ဍာငွေပံ့ပိုးရန်၊ ပိုမိုကောင်းမွန်သော ပြည်ဘဏ်စီ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာကို ရေးဆွဲရန်  ကျွန်ုပ်တို့ ပေါင်စတာလင် ၃၅၀,၀၀၀ ထည့်ဝင်ခဲ့ပါပြီး အဆိုပါ မဟာဗျူဟာအား အကောင်အထည်ဖော်ခြင်းကို ပံ့ပိုးရန် ကမ္ဘာ့ဘဏ်နှင့် တကွ အခြားအဖွဲ့အစည်းများနှင့် ဆောင်ရွက်သွားပါမည်။

## အသက်မွေးမှုများ

**အသက်မွေးမှုနှင့် အစားအသောက်လုံခြုံရေး ယုံမှတ်အပ်နှံမှု ဘဏ္ဍာငွေအဖွဲ့ (LIFT/သက်စားယုံအဖွဲ့)** အတွက် နိုင်ငံတကာ အလှူရှင်များ ယာယီပူးပေါင်းအဖွဲ့တွင် ကျွန်ုပ်တို့က သဘာပတိအဖြစ်ဆောင်ရွက်လျက်ရှိသလို **ကျေးလက် လူထု နှစ်သန်းအတွက် အစားအသောက် ရရှိနိုင်မှု၊ ဝင်ငွေ ရရှိသည့်အခွင့်အလမ်းများ ရရှိနိုင်မှု** တိုးမြှင့်ဖော်ဆောင်ရေး စတင်ဆောင်ရွက်ချက်ကို ပံ့ပိုးလျက်ရှိပါသည်။ (**၂၀၀၉ ခုနှစ်မှ စတင်ပြီး ပေါင်စတာလင် ၂၆ သန်း**ဖြင့်)  ကျွန်ုပ်တို့သည် သက်စားယုံအဖွဲ့အတွက် ဒုတိယအကြီးဆုံး အလှူရှင်ဖြစ်သလို စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်အောင် ပံ့ပိုးခြင်း၊ တောင်သူများအား ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်းတို့ဖြင့် ကျေးလက်အိမ်ထောင်စု ဝင်ငွေကို တိုးပွားစေရန် ၂၀၁၃/၁၄ တွင် ပေါင်စတာလင် ၁၂ သန်းကို ကတိပြုထားပါသည်။ ပြင်းထန်လွန်းသော ရာသီဥတု အခြေအနေများကို တောင့်ခံနိုင်သော **စိုက်ပျိုးရေး ထုတ်လုပ်မှုနည်းစနစ်များ**ကိုလည်း ကျွန်ုပ်တို့ ပံ့ပိုးပေးလျက်ရှိပါသည်။ ၂၀၁၀ ပြည့်နှစ် ဂီရိမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ပြီးနောက် ရခိုင်ပြည်နယ် တစ်လွှား အသက်မွေးမှုများ ပြန်လည် တည်ဆောက်ရာတွင် ရပ်ရွာပေါင်း ၂၂၀ ကျော်ကို ကူညီပံ့ပိုးပေးသည့် ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် ဗြိတိန်နိုင်ငံက **ပေါင်စတာလင် ၄.၅ သန်း** ကို ပေးအပ်လျက်ရှိပါသည်။

**၂၀၁၂ မှ ၂၀၁၅ ခုနှစ်အထိ ဖွံ့ဖြိုးရေး ဘဏ္ဍာငွေ ပေါင်စတာလင် ၁၈၀ သန်း**ကို ကျွန်ုပ်တို့ပေးအပ်လျက်ရှိကာ ယင်းအနက်မှာ ၅၀ % ကျော်ကို **အလှူရှင်ပေါင်းစုံ ရံပုံငွေများ**မှတစ်ဆင့် ပေးအပ်ထားပါသည်။ ဗြိတိန်နိုင်ငံမှ အခွန်ထမ်းများအတွက် ခိုင်မာသော တာဝန်ခံ၊ တာဝန်ယူမှု မလွဲမသွေ ရှိနေစေရန်လည်းကောင်း၊ ကုန်သလောက် အကျိုးရှိနေစေရန် လည်းကောင်း ကျွန်ုပ်တို့ ဆက်လက်ဆောင်ရွက်သွားပါမည်။

# သာယာဝပြောရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု

### မြန်မာနိုင်ငံတွင် အရင်းအမြစ်များ အထင်အရှား ရှိနေသလို အာရှတိုက်၏ ကုန်သွယ်ရေး လမ်းဆုံလမ်းခွများ ဖြစ်လာမည့် အလားအလာလည်း ရှိပါသည်။

တိုးပွားလာသော နိုင်ငံတကာ၏ တာဝန်သိတတ်သော ရင်းနှီးမြှုပ်နှံမှု အပါအဝင် ရေရှည်ထိန်းသိမ်းထားနိုင်သော စီးပွားရေးတစ်ရပ် တည်ဆောက်ခြင်းမှာ လက်ဆုပ်လက်ကိုင်ပြနိုင်သော တိုးတက်ဖွံ့ဖြိုးရေး၊ ဆင်းရဲ နွမ်းပါးမှု လျှော့ချရေး၊ အသက်မွေးမှုများ တိုးတက်ကောင်းမွန်လာရေးတို့အပြင် တည်ငြိမ်မှုတိုးတက်ကောင်းမွန်ရေးအတွက်ပါ အဓိက ဖြစ်နေပါလိမ့်မည်။

မြန်မာ့စီးပွားရေးအဖွဲ့အစည်း ထုံးဓလေ့များနှင့်တကွ စွမ်းရည်များ တိုးတက်လာအောင် ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းလုပ်ရန် ဟန့်တားနေသည်များကို ဖယ်ရှားခြင်းတို့က ပြည်တွင်းမှ ကုန်သွယ်ရေးကိုသာမက နိုင်ငံက အသည်းအသန် လိုအပ်လျက်ရှိသော နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကို အားပေးဖော်ဆောင်ရာတွင်ပါ အကျိုးများစေပါလိမ့်မည်။ သယံဇာတ ထုတ်ယူမှု၊ အခြေခံအဆောက်အအုံ ဖန်တီးမှု၊ ဝန်ဆောင်မှု (ဥပမာ၊ ဘဏ္ဍာရေး၊ ကျန်းမာရေးနှင့် ပညာရေး)၊ လူသုံးကုန်ပစ္စည်းများ အပါအဝင် ဗြိတိန်နိုင်ငံ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ရေရှည်လုပ်ဆောင်ရမည့် အနေအထားများ အတန်အသင့် ရှိနေပါသည်။

ရင်းနှီးမြှုပ်နှံမှုအတွက် အဓိက အဆီးအတားများမှာ ထိုက်သင့်သော လုံ့လဂီရိယ၊ ကျွမ်းကျင်မှု မရှိသော လုပ်သားအင်အားစု၊ မရှင်းလင်းလှသော မြေပိုင်ဆိုင်မှု၊ ဆိုးရွားသော အခြေခံအဆောက်အအုံ၊ ကိုယ်ကျိုးရှာမှုများ၊ နိုင်ငံရေးအရ မရေရာမှုများ စသည့် ပြဿနာများပင် ဖြစ်ပါသည်။ **ပြည်တွင်း၊ နိုင်ငံတကာ၊ ဗြိတိန် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုအတွက် အဆင်ပြေသည့် အနေအထားဖြင့် လူအားလုံး၊ ဒေသအားလုံးအတွက် အကျိုးရှိနေစေမည့် လုပ်ကိုင် လည်ပတ်လျက် ရှိပြီး သာယာဝပြောကာ ရေရှည်ထိန်းသိမ်းထားနိုင်သော စီးပွားရေးတစ်ရပ်ဖြစ်လာစေရန် ဟန့်တားလျက်ရှိသောအဆီးအတားများကို ဖယ်ရှားရန်** မြန်မာနိုင်ငံအား ကျွန်ုပ်တို့ **တိုက်တွန်း အားပေးလိုပါသည်။**

ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်သည်။

## ဗြိတိသျှ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု

အခြေအနေနှင့် ကိုက်ညီအောင် ကြိုတင်စီမံထားသော အစီအစဉ်များ၊ ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့များမှတစ်ဆင့် **ဗြိတိသျှ ကုမ္ပဏီများ**အား လက်တွေ့ကျသော ပံ့ပိုးမှုကို ပေးအပ်လျက်ရှိသည့် ဗြိတိန်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုရုံးကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။ မကြာသေးခင်က လုပ်ဆောင်ခဲ့သော မဟာ (GREAT) စည်းရုံးလှုံ့ဆော်မှုမှတစ်ဆင့် ဆောင်ရွက်ခဲ့သကဲ့သို့ ဗြိတိသျှ လုပ်ငန်း **အမှတ်တံဆိပ်**ကိုလည်း ကျွန်ုပ်တို့ တိုးမြှင့်ဖော်ဆောင်လျက်ရှိပါသည်။

ဗြိတိန်နိုင်ငံ ပုဂ္ဂလိက ကဏ္ဍ ကျွမ်းကျင်မှုကို ဆောင်ယူလျက် ခိုင်မာသော ဘဏ္ဍာရေး ဖွဲ့စည်းတည်ဆောက်ပုံများ၊ ထုတ်ကုန်များ ဖော်ဆောင်ရေးကို ပံ့ပိုးပေးရန် **ဗြိတိန် ဘဏ္ဍာရေး ဝန်ဆောင်မှု လုပ်ငန်းအဖွဲ့**ကို ကျွန်ုပ်တို့ ဖွင့်လှစ်ထားရှိပါသည်။

နိုင်ငံအများအပြားမှာကဲ့သို့ပင် ဗြိတိန်စီးပွားရေးလုပ်ငန်းအား ပံ့ပိုးပေးရန် **ကုန်သည်ကြီးများအသင်း**တစ်ခုအဖြစ်သို့ တင်းပြည့် ဖြစ်လာအောင် ဖော်ဆောင်သွားရေး ရည်ရွယ်ချက်ဖြင့် **ဗြိတိသျှ စီးပွားရေးလုပ်ငန်းအုပ်စု** ဖွင့်လှစ်ထားရှိခြင်းကို ကျွန်ုပ်တို့ ပံ့ပိုးလျက်ရှိပါသည်။

မဟာဗျူဟာမြောက် တန်ဖိုးမြင့်မားသော အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ခြင်း၊ ယင်းတို့ကို ဗြိတိန်စီးပွားရေး လုပ်ငန်းများ သိရှိလာအောင် ဆောင်ရွက်ခြင်းတို့အပါအဝင် မြန်မာနိုင်ငံ၌  ဗြိတိန်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ရေရှည်မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲရန် ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

ဤစိန်ခေါ်လျက်ရှိသော ဈေးကွက်ထဲတွင် ဗြိတိန်နိုင်ငံ ကုမ္ပဏီများ၏ အဓိက **ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအဆီးအတားများ**ကို ရှာဖွေဖော်ထုတ်ပြီး ကိုင်တွယ်ဖြေရှင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားပါမည်။

## မြန်မာနိုင်ငံ၏ စီးပွားရေး

မြန်မာနိုင်ငံ၏ လူဦးရေနှင့် မြေထုမှာ ပြင်သစ်နိုင်ငံနီးပါး ရှိပါသည်။ သို့ရာတွင် စီးပွားရေးကမူ ပြင်သစ်၏ ၁.၇ % ပမာဏမျှသာ ရှိပေသည်။ ၂၀ ရာစု အစပိုင်းတွင် မြန်မာနိုင်ငံ၏ တစ်ဦးချင်း ပြည်တွင်း အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ထက် များပြားခဲ့ပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ စီးပွားရေး စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်း၊ ပဋိပက္ခ၊ နိုင်ငံတကာနှင့် အဆက်ပြတ်ခြင်းများ၏ အကျိုးဆက်အဖြစ် ယနေ့ မြန်မာနိုင်ငံ၏ တစ်ဦးချင်း အသားတင် ထုတ်လုပ်မှု တန်ဖိုး ၈၈၄ ဒေါ်လာက မြန်မာနိုင်ငံအား အရှေ့တောင် အာရှတွင် အဆင်းရဲဆုံးနိုင်ငံ ဖြစ်နေစေပါတော့သည်။

ယခုအခါတွင် စီးပွားရေးသည် ၂၀၁၃/၁၄ တွင် ၇ % တိုးတက်လာခြင်းဖြင့် တစ်ဟုန်ထိုး တိုးတက်လျက်ရှိပါသည်။ ခန့်မှန်းချက်တချို့အရ တစ်ဦးချင်းစီ ဝင်ငွေသည် ၂၀၃၀ ပြည့်နှစ်နောက်ဆုံးထားပြီး သုံးဆအထိ တက်လာနိုင်ပါသည်။ မကြာသေးမီက စီးပွားရေးတိုးတက်မှုအား ဓာတ်ငွေ့ထုတ်လုပ်မှု တိုးမြင့်လာခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်း ရုတ်ချည်းတိုးတက်လာခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုစသည်တို့က ဖြစ်လာစေခဲ့ပါသည်။ အဆိုပါကဏ္ဍများ ဆက်လက်တိုးချဲ့လာသည်နှင့်အမျှ ဓာတ်ငွေ့ တင်ပို့မှုမှ ရရှိငွေများဖြင့် မတည်ထားသလို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စီးဝင်ရာမှ ရရှိလာသော (စက်ယန္တယားများကဲ့သို့) ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ တင်သွင်းမှုများလည်း တိုးပွားလာပါလိမ့်မည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာ သီးသန့်အရန်ငွေများလည်း စုဆောင်းထားပြီးဖြစ်ရာ သဘာဝဓာတ်ငွေ့ ဈေးကျခြင်းမဖြစ်စေ၊ အရင်းအနှီးများ ယိုဖိတ်ရာမှဖြစ်စေ ဖြစ်လာနိုင်သော အန္တရာယ်များကို လျှော့ချနိုင်လျက်ရှိပေသည်။

အစိုးရအခွန်အကောက်မှာ ဓာတ်ငွေ့တင်ပို့မှုအပေါ်တွင် အားထားနေရဆဲဖြစ်သော်လည်း ယေဘုယျ ဝယ်သူသုံးစွဲမှုမှ အခွန်များ ရရှိရန် တန်ဖိုးဖြည့်အခွန် (VAT) ကို စတင်စည်းကြပ်ရေးအတွက် ပြင်ဆင်လျက် ရှိပါသည်။ ၂၀၁၃ ခုနှစ်တွင် ၅ % လိုငွေ ပြခဲ့လင့်ကစား ပါရီကလပ်မှတစ်ဆင့် ကြွေးလျှော်လိုက်ခြင်းက မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီကို ၂၀၀၉ ခုနှစ်မှ စတင်ပြီး ပြည်တွင်း အသားတင်ထုတ်လုပ်မှု၏ ၃၆ % မှ ၂၀ % အထိ လျော့သွားအောင် ပံ့ပိုးပေးခဲ့ပါသည်။

အကျင့်ပျက်ခြစားမှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အဆီးအတားဖြစ်လေသည်။ ပွင့်လင်းမြင်သာမှု နိုင်ငံတကာအဖွဲ့၏ နောက်ဆုံးထုတ်ပြန်သော အကျင့်ပျက်ခြစားမှု သဘောထားညွှန်းကိန်းတွင် အဆင့်ပေါင်း ၁၇၆ ခုရှိသည့်အနက် မြန်မာနိုင်ငံမှာ အဆင့် ၁၇၂ တွင် ရှိနေလေသည်။



**အထက်ပုံ။** ရန်ကုန်မြို့ ကမ်းနားမှ ဝန်ချီစက်များ

ဘဏ္ဍာရေးစနစ်မှာ အလွန်ပင် ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိပါသည်။ မြန်မာလူထု၏ ၁၀ % နှင့် ပြည်တွင်း စီးပွားရေး လုပ်ငန်းများ၏ ၄၀ % သာ ဘဏ်စာရင်းများ ရှိနေကြပေရာ ယင်းမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးတစ်ရပ်ပင်ဖြစ်နေပါသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍက ပြည်တွင်းအသားတင် ထုတ်လုပ်မှု၏ ၄၀ % ကို ကိုယ်စားပြုလျက်ရှိသလို အလုပ်အကိုင် ၆၆ % ကိုလည်း ပေးအပ်လျက်ရှိလေသည်။ ထုတ်လုပ်မှုကို တစ်ဟုန်ထိုး တိုးမြှင့်လိုက်ခြင်းက အခြားလုပ်ငန်းများအတွက် လုပ်သားအင်အားများ ရလာစေနိုင်သည်၊ လုပ်ခ ပိုများသော အလုပ်အကိုင်များ ရရှိလာစေနိုင်သည်၊ ထို့အပြင် မြေဆီမြေသြဇာကောင်းသည့် ကျယ်ပြောလှသော မြေနှင့် ကောင်းမွန်သော ရေတို့အား မြန်မာနိုင်ငံက ပိုမို အကျိုးရှိစွာလည်း အသုံးချလာနိုင်စေပါလိမ့်မည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ထုတ်လုပ်မှုမြင့်မားသော အလုပ်အကိုင်များ ဖန်တီးခြင်းက ဝင်ငွေ တိုးလာစေနိုင်သလို စီးပွားရေး အလားအလာများကိုလည်း ပေါ်ပေါက်လာစေနိုင်ပါသည်။ သို့ရာတွင် ထိုသို့ဖြစ်လာရေးတွင် လူသားအရင်းအနှီး တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန်လည်း လိုအပ်ပါလိမ့်မည်။ တိုးတက်လျက်ရှိသော ကဏ္ဍများက အရွယ်ရောက်သူ ၉၂ % ကြားမှ အခြေခံ စာတတ်မြောက်မှုနှုန်းမြင့်မားခြင်းမှ အကျိုးကျေးဇူးများ ရရှိနိုင်လိမ့်မည်ဖြစ်သော်လည်း ကျွမ်းကျင်မှု အလတ်စားနှင့် အမြင့်စားကို လိုအပ်သော ကဏ္ဍများမှ ကျွမ်းကျင်မှု ကွာဟချက်များကို ဖယ်ရှားရန်အတွက်မူ ပညာရေးတွင် ပိုမို များပြားစွာ သုံးစွဲဖို့ အသက်တမျှ အရေးကြီးလှပေသည်။

## စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု

အစိုးရအား အရည်အသွေးမြင့်မားသော အကြံဉာဏ်များ ပေးအပ်ရာတွင် မြန်မာဖွံ့ဖြိုးရေး ရင်းမြစ်သိပ္ပံအား ပံ့ပိုးပေးရန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာနမှ **အထူးပြုကျွမ်းကျင်သူ စီးပွားရေးပညာရှင်** နှစ်ဦးကို ကျွန်ုပ်တို့ ဘဏ္ဍာငွေ ထောက်ပံ့ထားပါသည်။

မူဝါဒရေးဆွဲခြင်း၊ အများပြည်သူဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် မြန်မာအစိုးရ၏ အရပ်ဘက်လူ့ဘောင်နှင့် တိုင်ပင်ညှိနှိုင်းမှု တိုးပွားစေရေးအတွက် **ပွင့်လင်းသောအစိုးရ မိတ်ဖက်အဖွဲ့**သို့ ဝင်ရောက်မည့် မြန်မာနိုင်ငံ၏ အစီအစဉ်များကို ကျွန်ုပ်တို့ ပံ့ပိုးလျက် ရှိပါသည်။

ငွေကြေး ခဝါချမှု ဆန့်ကျင်တိုက်ဖျက်ရေး၊ အစိုးရ-ပုဂ္ဂလိက မိတ်ဖက် ဆောင်ရွက်မှုများ၊ စာရင်းကိုင် အလုပ်တော်င့်တင်းခိုင်မာစေရေး စသည်တို့နှင့် စပ်လျဉ်းသော စီမံချက်များဖြင့် **ပွင့်လင်းမြင်သာပြီး သာတူညီမျှသော စီးပွားရေး ပြုပြင်ပြောင်းလဲမှု**ကို ကျွန်ုပ်တို့ တိုးမြှင့်အားပေးလျက်ရှိသလို ၂၀၁၃-၁၄ တွင် ယင်းသို့သော စီမံချက်များအတွက် ပေါင်စတာလင် ၃၅၀,၀၀၀ ကို အသုံးပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတများမှ ရရှိသော အခွန်အကောက်များ အပေါ်တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံ၊ တာဝန်ယူမှု တိုးတက်ကောင်းမွန်လာအောင် ပံ့ပိုးပေးလေမည့် သယံဇာတထုတ်ယူမှု လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး စတင် ဆောင်ရွက်ချက် (အီးအိုင်ထီအိုင် / သယံပွင့်လင်းစချက်)(အဖွဲ့) သို့ဝင်ရောက်ရန် မြန်မာနိုင်ငံက လျှောက်ထားရာတွင် ပံ့ပိုးပေးသည့်အနေဖြင့် ကျွန်ုပ်တို့က ပေါင်စတာလင် ၁.၁ သန်း ပေးအပ်လျက်ရှိပါသည်။

## ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်၊ ဘဏ္ဍာရေးကဏ္ဍ၊ ဘဏ်စနစ် ပြုပြင်ပြောင်းလဲမှုနှင့် ကုန်သွယ်ရေး

အထူးသဖြင့် ကျေးလက်ဒေသများတွင် ဆင်းရဲနွမ်းပါးမှုကို ကိုင်တွယ်ဖြေရှင်းသော အခြေခံအဆောက်အအုံလုပ်ငန်းတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအား တိုးပွားလာအောင် ဆောင်ရွက်ရန် အင်ဖရာ ခို အာရှမည်သော အလှူရှင်ကျောထောက်နောက်ခံပြု အခြေခံအဆောက်အအုံ စီမံချက် ဖွံ့ဖြိုးရေးကုမ္ပဏီအား ငါးနှစ်တာအတွင်း ပေါင်စတာလင် **၁၉ သန်း**ကို ကျွန်ုပ်တို့ ပေးအပ်လျက်ရှိပါသည်။

ဆင်းရဲနွမ်းပါးသူများအတွက် အလုပ်အကိုင်များ၊ စီးပွားရေး အခွင့်အလမ်းများ ဖန်တီးသည့် နည်းလမ်းသစ်များဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်အောင် စီးပွားရေး လုပ်ငန်းများအား ပံ့ပိုးပေးရေးအတွက် နည်းပညာအထောက်အပံ့ကို ဘဏ္ဍာငွေပေးအပ်လျက်ရှိသော **စီးပွားရေးလုပ်ငန်းတီထွင်ဆန်းသစ်မှု ပံ့ပိုးမှုအင်္ဂါရပ်** (အဖွဲ့)အားလည်း လေးနှစ်တာအတွင်း **ပေါင်စတာလင် လေးသန်း** ပေးအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းအတွက် အထောက်အကူဖြစ်သော ပတ်ဝန်းကျင်နှင့် ဘဏ္ဍာရေးကဏ္ဍများတွင် မရှိမဖြစ်လိုအပ်သော လုပ်ငန်းများကို ကူညီပံ့ပိုးပေးမည့် မြန်မာနိုင်ငံ **ရင်းနှီးမြှုပ်နှံမှု အခြေအနေ အကဲဖြတ်ချက်**ကို ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်အား ဗြိတိသျှအစိုးရက ဘဏ္ဍာငွေထောက်ပံ့လျက်ရှိပါသည်။

**အစိုးရ၊ ပုဂ္ဂလိက မိတ်ဖက်ဆောင်ရွက်မှုများတွင် စွမ်းရည်တည်ဆောက်ခြင်း**ကို ပံ့ပိုးရန် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အဆိုပြုလွှာများအား နိုင်ငံတကာ စံများနှင့်အညီ အကဲဖြတ် နိုင်သည့် စွမ်းရည်ကို တောင့်တင်းခိုင်မာလာအောင် ကျွန်ုပ်တို့ ဆောင်ရွက်လျက်ရှိပါသည်။

အင်္ဂလန်နှင့် ဝေလနယ်တို့မှ အရည်အချင်းပြည့်မီသော စာရင်းကိုင်များ သိပ္ပံ (ICAEW) နှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ **စာရင်းကိုင်၊ အခွန်၊ စာရင်းစစ်** စွမ်းရည်များ တောင့်တင်းခိုင်မာလာအောင် ကျွန်ုပ်တို့ ဆောင်ရွက်လျက်ရှိပါသည်။

**တာဝန်သိသော ရင်းနှီးမြှုပ်နှံမှု**ကို ကျွန်ုပ်တို့ မြှင့်တင်ဖော်ဆောင်လျက်ရှိသလို ပုဂ္ဂလိက ကဏ္ဍ၊ အစိုးရ၊ အရပ်ဘက်လူ့ဘောင်တို့အား တာဝန်သိသော စီးပွားရေးလုပ်ငန်းနှင့် စပ်လျဉ်းပြီး လက်တွေ့ကျသည့် အကြံဉာဏ်များ ပေးအပ်ရန် တာဝန်သိသော စီးပွားရေးလုပ်ငန်းအတွက် မြန်မာဗဟိုဌာနအား ဘဏ္ဍာငွေထောက်ပံ့လျက်ရှိပါသည်။

# နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု

ဒီမိုကရေစီနည်းလည်းကျ ငြိမ်းလည်း ငြိမ်းချမ်းသော မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် သြဇာကောင်းတစ်ရပ်ဖြစ်လာနိုင်ပါသည်။ တိုးပွားလျက်ရှိသော တူညီသည့် တန်ဖိုးထားမှုများအပေါ်တွင် အခြေခံကာ မြန်မာနိုင်ငံနှင့် ပိုမိုရင်းနှီးသော ဆက်ဆံရေးတစ်ရပ်ကိုဖော်ဆောင်သွားနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ လူ့အခွင့်အရေး၊ စနစ်တကျ ကျူးလွန်သော ရာဇဝတ်မှု၊ အစွန်းရောက်မှု၊ သေစေတတ်သော လက်နက်ခဲယမ်းများ ပွားများမှုစသည်တို့ကဲ့သို့ တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် စိုးရိမ်မကင်းဖြစ်နေရသော အကြောင်းရပ်များစွာကို မြန်မာနိုင်ငံနှင့် ဆက်ဆံလျက် ပူးပေါင်းဆောင်ရွက်ခြင်းက ဗြိတိန်နိုင်ငံ၊ မြန်မာ နိုင်ငံနှင့်တကွ ပိုမိုကျယ်ပြန့်သော ဒေသအတွက်ပါ လုံခြုံရေးနှင့် အကျိုး စီးပွားများကို တိုက်ရိုက်အကျိုးများနေစေပါလိမ့်မည်။ **နိုင်ငံတကာ အသိုင်းအဝိုင်းတွင် ပါဝင်ဆောင်ရွက်ရာ၌လည်းကောင်း၊ ဗြိတိန်နိုင်ငံ နှင့် ပူးပေါင်းဆောင်ရွက်ရာ၌လည်းကောင်း မြန်မာနိုင်ငံသည် ဒေသ အတွင်း သြဇာကောင်း တစ်ရပ် ဖြစ်လာရေးအတွက်** ကျွန်ုပ်တို့ **တိုက်တွန်း အားပေးလိုပါသည်။** ကျွန်ုပ်တို့၏ဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်သည်။

## နှစ်နိုင်ငံ ဆက်ဆံပတ်သက်မှု

၂၀၁၃ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဗြိတိန်နိုင်ငံသို့ သွားရောက်ခြင်း၊ မြန်မာနိုင်ငံသို့ ဝန်ကြီးများ၊ လန်ဒန်နှင့် အခြားအရေးပါသော မြို့နယ်များ၏ မြို့တော်ဝန်၊ ကာကွယ်ရေး ဦးစီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌတို့ လာရောက်ခြင်းတို့အပေါ်တွင် အခြေတည်ထားသော **အဆင့်မြင့် သွားရောက်ခြင်း** အစီအစဉ်တစ်ရပ် ကျွန်ုပ်တို့တွင် ရှိပါသည်။

အင်္ဂလိပ်စာ သင်ကြားလေ့ကျင့်မှု၊ ယဉ်ကျေးမှု၊ ရှဲဗနင်း(ဂ်) ပညာသင်ဆုများ၊ သင်တန်းများ၊ ဗြိတိန်နိုင်ငံ ညီလာခံများ [ဝစ်(လ်)ထန် ပန်းခြံ] စသည်တို့ဖြင့် **ဗြိတိသျှ တန်ဖိုးထားမှုများ**အား မြန်မာတို့ သိရှိလာအောင် ကျွန်ုပ်တို့ ဆောင်ရွက်လျက် ရှိပါသည်။

**စနစ်တကျကျူးလွန်သော ရာဇဝတ်မှုများ**နှင့် စပ်လျဉ်းပြီး အခြားနိုင်ငံများနည်းတူ ပြည်တွင်း လုံခြုံရေးနှင့် တည်ငြိမ်မှုကိုသာမကဘဲ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးခြင်း၊ သေနတ်မှောင်ခိုကူးခြင်း၊ အင်တာနက်မှ တစ်ဆင့် ကျူးလွန်သော ရာဇဝတ်မှု၊ ငွေကြေးခဝါချခြင်း၊ ကလေးသူငယ်များအပေါ် လိင်မှုရေးရာ မဖွယ်မရာမှု ကျူးလွန်သူများစသည်တို့က ဗြိတိန်နိုင်ငံအား ခြိမ်းခြောက်မှုများကို လျှော့ချနိုင်ရေးအတွက်ပါ ပံ့ပိုးပေးနိုင်ရန် မြန်မာနိုင်ငံနှင့် ကျွန်ုပ်တို့ ဆက်စပ်ဆောင်ရွက်လျက် ရှိပါသည်။

ထောင်နှင့်ချီသော မြန်မာကျောင်းသားများအတွက် **အင်္ဂလိပ်စာ သင်တန်းများနှင့် စာမေးပွဲများ**ကိုလည်း ကျွန်ုပ်တို့ ကျင်းပပေးလျက်ရှိသလို အင်္ဂလိပ်စာ သင်ကြားရေး ရေဒီယိုအစီအစဉ်များမှတစ်ဆင့် သန်းပေါင်းများစွာထံ လက်ကမ်းလျက်ရှိပါသည်။ ၂၀၁၄-၁၆ တွင် အစိုးရ ပညာရေးကောလိပ်ပေါင်း ၂၂ ခုမှ တစ်နှစ်လျှင် ဆရာဆရာမ ပေါင်း ၁၀,၀၀၀ ကို သင်ကြားလေ့ကျင့်ပေးရန် အင်္ဂလိပ်ဘာသာ ဆရာများကို ကျွန်ုပ်တို့ စီစဉ်ပေးသွားမည်ဖြစ်ရာ ကျောင်းပေါင်း ၄၁,၀၀၀ နှင့် ကလေးပေါင်း နှစ်သန်းဆီအထိ ရောက်ရှိသွားမည်လည်း ဖြစ်ပါသည်။



**ဓါတ်ပုံ။** ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်နေ့က လန်ဒန်မြို့တွင် နိုင်ငံခြားရေး ဝန်ကြီး ဝစ်လျံ(မ်) ဟေ့(ဂ်)အား ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ တွေ့ရစဉ်။



## နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု

အထူးသဖြင့် (**PSVI** အပါအဝင်) **လူ့အခွင့်အရေး၊ လူနည်းစု** **လူမျိုးကလီးယား ပျံ့ပွားမှု ဆန့်ကျင်တိုက်ဖျက်ရေး** စသည့် အဓိက **နိုင်ငံတကာ သဘောတူစာချုပ်များ၊ ကတိကဝတ်များ**ကို လက်မှတ်ရေးထိုးပြီး အကောင်အထည်ဖော်ရန် မြန်မာနိုင်ငံအား ကျွန်ုပ်တို့ တိုက်တွန်း အားပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံနှင့် စပ်လျဉ်းသော ဥရောပ သမဂ္ဂ မူဝါဒကို ပုံဖော်ခြင်း၊ အကောင်အထည်ဖော်ခြင်းတို့တွင် ကျွန်ုပ်တို့သည် သိသာသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် **အမေရိကန် ပြည်ထောင်စု၊ အခြားအဓိက မဟာမိတ်များ**၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း အတွေးအခေါ်များကို မျှဝေလျက်ရှိပါသည်။

**ကာဗွန်နည်းပါးသော/ရေရှည်ထိန်းသိမ်းထားနိုင်သော တိုးတက်ဖွံ့ဖြိုးမှု မူဝါဒများကို ရေးဆွဲ**ရန်နှင့် နိုင်ငံတကာ ရာသီဥတုပြောင်းလဲမှု ညှိနှိုင်းဆွေးနွေးပွဲတွင် တက်ကြွစွာပါဝင်ဆောက်ရွက်ရန် မြန်မာနိုင်ငံအား ကျွန်ုပ်တို့ အားပေးတိုက်တွန်းလျက် ရှိပါသည်။

## ရင်းမြစ်များနှင့် နောက်ထပ်အချက်အလက်များ

နိုင်ငံခြားရေးနှင့် ဓနသဟာယရုံး၊ ရန်ကုန်မြို့ရှိ ဗြိတိသျှ သံရုံး၊ နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန၊ ဗြိတိန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ဖော်ပြထားသော ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး တာဝန်ခံပါသည်။ ယင်းအပြင် အရင်းအမြစ်များက ခွင့်ပြုသလောက်လည်း အဆိုပါဌာနများ၊ ပုဂ္ဂိုလ်များက မြန်မာနိုင်ငံတွင် ဗြိတိန်နိုင်ငံက တန်ဖိုးဖြည့်ပေးနိုင်သည့် နယ်ပယ်စစ်စစ်များကို ဆက်လက်ရှာဖွေသွားကြမည်လည်းဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံရေးအရရော၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအရပါ အများနှင့်ယှဉ်လျှင် အားသာချက်ရှိနိုင်သည့် နယ်ပယ်များတွင် ဖြစ်ပါသည်။ အစိုးရတစ်ရပ်လုံးအတွင်း မြန်မာနိုင်ငံမှ ဗြိတိန်၏ ဆောင်ရွက်ချက်များ ကို ပြန်လှန်သုံးသပ်ခြင်း၊ လတ်တလောနှင့် အနာဂတ်ဦးစားပေးများကို ထည့်သွင်းစဉ်းစားနိုင်ခြင်းတို့ကို ကျွန်ုပ်တို့ ဆက်လက်ဆောင်ရွက်သွားပါမည်။

မြန်မာနိုင်ငံ၌ ဗြိတိန်နိုင်ငံနှင့် နိုင်ငံတကာ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းပြီး ဆက်လက်သိရှိလိုပါက အောက်ပါ အင်တာနက် စာမျက်နှာများတွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

www.gov.uk/government/world/burma

www.facebook.com/fcoburma

www.gov.uk/government/speeches/hugo-swires-speech-at-the-british-council-in-rangoon

devtracker.dfid.gov.uk/countries/MM/

Twitter: @UKinBurma

Freign and Commonwealth Office King Charles Street
London SW1A 2AH

© Crown မူပိုင် ၂၀၁၄

ပွင့်လင်းသော အစိုးရ လိုင်စင်ခွင့်ပြုချက်ပါ သတ်မှတ်ချက် များအရ (အမှတ်တံဆိပ်လိုဂိုများ) မပါရှိဘဲ ဤအချက် အလက်များကို မည်သည့်ပုံစံ၊ မည်သည့် ကြားခံမီဒီယံ ဖြင့်ဖြစ်စေ အခမဲ့ အသုံးပြုနိုင်ပါသည်။

အဆိုပါ ခွင့်ပြုချက်လိုင်စင်ကို ကြည့်ရှုလိုပါက www.nationalarchives.gov.uk/doc/ opengovernment-licence/ သို့ သွားရောက်ကြည့်ရှု နိုင်ပါသည်။ သို့မဟုတ်ပါကလည်း Information Policy Team, The National Archives, Kew, London TW9 4DU,or email: psi@nationalarchives.gsi.gov.ukထံ စာရေးသား တောင်းခံနိုင်ပါသည်။

ဤစာစောင်နှင့် စပ်လျဉ်းပြီး သိရှိလိုပါက မေးမြန်းချက်များကို ကျွန်ုပ်တို့ထံ fcocorrespondence@fco.gov.uk လိပ်စာသို့ ပေးပို့နိုင်ပါသည်။

ဤစာစောင်ကို www.official-documents.gov.uk မှလည်း ကူးယူ ရရှိနိုင်ပါသည်။